ကျန်းမာရေးဆိုင်ရာ အချက်အလက်များ

# လည်မျိုပိတ်ဆို့ခြင်း

လည်မျိုပိတ်ဆို့ခြင်း (Croup) သည် ကလေးငယ်များတွင် ဖြစ်လေ့ရှိသော နာမကျန်းမှုဖြစ်ပြီး လည်ချောင်းထဲတွင် လေပြွန်အပေါ် ပိုင်း ကျဉ်းခြင်း ဖြစ်စေနိုင်ပါသည်။ ကလေးက အသက်ရှူသွင်းသည့်အခါ စူးရှသည့် (စထရီဒေါ် (Stridor) ဟုလည်းခေါ် ကြသည်) ညီးညူသံထွက်လာသည်၊ နှင့် အသက်ရှူအခက်အခဲ အမျိုးမျိုး ရှိနိုင်သည်။

## လည်မျိုပိတ်ဆို့ခြင်း အဘယ်ကြောင့် ဖြစ်ရသနည်း။

လည်မျိုပိတ်ဆို့ခြင်းသည် ဆောင်းတွင်းလများတွင် ဖြစ်ပွားနိုင်ပြီး ပုံမှန်အားဖြင့် နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း သို့မဟုတ် အဖျားတက်ခြင်း စတင်ဖြစ်ပွားလာသည့် ဗိုင်းရပ်စ်ပိုးကူးစက်မှု ဆက်လက်ဖြစ်လာသည်။ လည်မျိုပိတ်ဆို့ခြင်းသည် ရောဂါကူးစက်ခြင်းကြောင့် အသံအိုး (အသံအိုး) နှင့် လေပြွန် (လေပြွန်) တစ်ဝိုက်တွင် ရောင်ကိုင်းလာသည့်အခါ ဖြစ်ပွားပါသည်။

မွေးကင်းစ ကလေးငယ်များနှင့် ငယ်ရွယ်သောကလေးများတွင် လေပြွန် သေးငယ်ကြသောကြောင့် လည်မျိုပိတ်ဆို့ခြင်းသည် အသက် 3 **လ**မှ အသက် 5 နှစ်အရွယ် ကလေးများတွင် အဖြစ်အများဆုံးဖြစ်သည်။

## ဘာဖြစ်ပွားနိုင်သနည်း။

သင့်ကလေးသည် စူးရှသော၊ ချောင်းသံပြတ်ပြတ်နှင့် အက်ကွဲသောအသံ အပြင် ညီးညူသံ  ထွက်နေနိုင်သည်။ သင့်ကလေးသည် အဖျားလည်း တက်ကောင်း တက်နိုင်သည်။ ဤရောဂါလက္ခဏာများသည် ညနေပိုင်း သို့မဟုတ် ညပိုင်းတွင် များသောအားဖြင့် ဖြစ်ပွားပြီး သင့်ကလေး ငိုယိုနေသည့်အခါ ပို၍ဆိုးလာနိုင်ပါသည်။

အခြေအနေပိုဆိုးကြောင်းပြသည့် အခြားသောလက္ခဏာများမှာ (ရင်ညွန့်ပေါ်၊ သို့မဟုတ် လည်ပင်းအရေ၊ နှင့် နံရိုးများအကြား) တွင် အရေပြားချိုင့်ဝင်ခြင်း၊ နှာခေါင်းဝများ ဖေါင်းပွလာခြင်းနှင့် ဂဏာမငြိမ်ဖြစ်လာခြင်းတို့ဖြစ်သည်။ ချောင်းသံပြတ်ပြတ်သည် ရက်အနည်းငယ် ကြာနိုင်ပြီး၊ အသက်ရှူသံ ပြင်းပြင်းမှာ တစ်ရက်နှစ်ရက်ခန့် ကြာကောင်းကြာနိုင်ပါသည်။

## လုပ်ရမည့်အရာများ - အိမ်တွင် ပြုစုစောင့်ရှောက်ခြင်း

လည်မျိုပိတ်ဆို့ခြင်းအများစုကို မိမိအိမ်တွင်ပင် ပြုစုပေးနိုင်ပါသည်။

အကယ်၍ သင့်ကလေးသည် ချောင်းသံပြတ်ပြတ်သာရှိပြီး သက်သောင့်သက်သာရှိနေခြင်း၊ ပျော်ပျော်ရွှင်ရွှင်ရှိနေခြင်း၊ သောကရောက်မနေခြင်း (ဥပမာ၊ ခါတိုင်းကဲ့သို့ ကစားခြင်း၊ စားခြင်း သို့မဟုတ် သောက်ခြင်း) ဖြစ်နေပါက အိမ်တွင် ပြုစုပေးနိုင်သည်မှာ-

- အနီးကပ် စောင့်ကြပ်ကြည့်ရှုပေးခြင်း
- နွေးသောအခန်းတွင် နေစေခြင်း
- ပွေ့ပိုးပေးပြီး ဖျောင်းဖြပေးခြင်း
- အကိုက်အခဲပျောက်ဆေးများသည် သက်သာစေနိုင်သည် (ဥပမာ၊ ပါရာစီတမော်လ် သို့မဟုတ် အိုင်ဗျူပရိုဖင် (ပုလင်းပေါ်ပါသည့် ညွှန်ကြားချက်များကို လိုက်နာပါ။)

လည်မျိုပိတ်ဆို့ခြင်း ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပိုးသည် အခြားသူများသို့ ကူးစက်နိုင်သောကြောင့် ကလေး နေမကောင်းဖြစ်နေချိန်တွင် သီးသီးသန့်သန့်ထားပေးပြီး တစ်ကိုယ်ရေသန့်စင်ရေးကို ထိန်းသိမ်းထားပါ။

## **ဆရာဝန်နှင့်ပြသ**ရမည့် အချိန်

အကယ်၍သင့်ကလေးသည် အောက်ဖော်ပြပါအချက်များထဲမှ တစ်ခုခု ဖြစ်နေပါက သင့် ရပ်ကွက်တွင်းမှ ဆရာဝန် သို့မဟုတ် အနီးဆုံး အရေးပေါ်လူနာဌာနသို့ ကျန်းမာရေး စစ်ဆေးခံရန် သွားရောက်ပြသပါ -

- အသက်ရှူရန် ခက်ခဲခြင်း (အထက်တွင် ဖော်ပြထားသည့်အတိုင်း - ပုံမှန်ထက် မြန်ခြင်း သို့မဟုတ် နှေးခြင်း၊ အရေပြားချိုင့်ဝင်ခြင်း)
- နို့တိုက်ရန် ခက်ခဲခြင်း (ပုံမှန်ထက် တစ်ဝက်မျှသာ)
- အသားအရောင် ဖျော့ခြင်း၊ ပြာနှမ်းနှမ်းဖြစ်ခြင်း၊ သို့မဟုတ် ပင်ပန်းနွမ်းနယ်ခြင်း တို့ဖြစ်သည်။

လည်မျိုပိတ်ဆို့ခြင်းသည် လျှင်မြန်စွာ ဆိုဝါးလာနိုင်သဖြင့် အလွန် အန္တရာယ်ကြီးနိုင်ပါသည်။ အကယ်၍သင့်ကလေးသည် အထက်ပါအချက်များအနက် တစ်ခုခုဖြစ်နေပါက ချက်ခြင်း ဆေးကုသမှုခံယူပါ (သင့်အနေနှင့် လူနာတင်ကားခေါ်ရန်အတွက် 000 ကို ဖုန်းဆက်ရန် လိုအပ်ပါလိမ့်မည်။)

## ဆေးကုသမှု

လည်မျိုပိတ်ဆို့ခြင်းသည် များသောအားဖြင့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသောကြောင့် ဘက်တီးရီးယားပိုးသတ်ဆေးများဖြင့် ကုသ၍ မရနိုင်ပါ။ စတီးရွိုက် ဟော်မုန်းဆေး (ဒက်ခ်ဆာ မက်သာစုန် သို့မဟုတ် ပရက်ဒနီစလုံး) ဆေးခွက်ချိန် အနည်းငယ် တစ်ကြိမ်တည်းဖြင့် သင့်ကလေး၏ လေပြွန်ရောင်ခြင်းကို လျော့ကျစေပြီး အသက်ရှူရ လွယ်ကူစေပါသည်။ အသက်ရှူရခက်နေသော လက္ခဏာများသည် ဤဆေးတိုက်ကျွေးပြီး အချိန်တစ်နာရီအတွင်း သက်သာသွားသည်ကို တွေ့မြင်နိုင်ပါသည်။

စတီးရွိုက်ဆေးဖြင့် ကုသပြီး ရက်အနည်းငယ်ကြာသည့်တိုင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သည့် လက္ခဏာများ ရှိနေဆဲဖြစ်နိုင်ပါသည်။

ဆိုးဝါးလွန်ကဲသော လည်မျိုပိတ်ဆို့ခြင်းသည် နောက်ထပ်ဆေးဝါးများတိုက်ကျွေးရန်နှင့် ဆေးရုံတင်ရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

## နောက်ထပ် ပြန်ဖြစ်ဦးမှာလား။

လည်မျိုပိတ်ဆို့ခြင်းသည် နောက်ထပ် အအေးမိခြင်းကြောင့် ပြန်ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ဖြစ်ပွားမှုတစ်ခုချင်းကို ပထမဆုံးအကြိမ်အတိုင်း ကုသပေးသင့်သည်။

သင့်ကလေး၏ လေပြွန်သည် အသက်ကြီးလာသည်နှင့်အမျှ ပို၍ကြီးလာပါမည် ထို့ကြောင့် လည်မျိုပိတ်ဆို့ခြင်းသည် သူတို့ အသက် 6 နှစ်ပြည့်ပြီးနောက် ဖြစ်ပွားမှုအကြိမ်ရေ သာမန်အားဖြင့် လျော့နည်းသွားပါလိမ့်မည်။

အကယ်၍သင့်တွင် အခြားစိတ်ပူပန်မှု တစ်ခုခု ရှိပါက သင့်ရပ်ကွက်တွင်းမှ ဆရာဝန် သို့မဟုတ် အရေးပေါ်လူနာဌာနသို့ သွားရောက်ပြသပါ။

Government of **Western Australia**
**Child and Adolescent Health Service**

**Child and Adolescent Health Service**
15 Hospital Avenue, Nedlands, WA, 6009.
တယ်လီဖုန်း - (08) 6456 2222
ထုတ်ဝေသူ - အရေးပေါ်လူနာဌာန
ရည်ညွှန်း - 316.2 © CAHS 2023

**ဤစာစောင်ကို မသန်စွမ်းမှု တစ်ခုခုရှိသူများအတွက် တောင်းခံပါက ပုံစံအမျိုးမျိုးဖြင့် ရရှိနိုင်ပါသည်။**

**တာဝန်မယူငြင်းဆိုချက် –** ဤစာစောင်သည် အထွေထွေ ပညာပေးရေးနှင့် သိကောင်းစရာများ ဖြန့်ဝေခြင်းအတွက် ရည်ရွယ်ပါသည်။ ကျန်းမာရေးဆိုင်ရာ အကြံဉာဏ် လိုအပ်ပါက ကျွမ်းကျင်သော ကျန်းမာရေးပညာရှင်များကို ဆက်သွယ်ပါ။
မူပိုင် © State of Western Australia, Child and Adolescent Health Service.